မြေနီသျှိုကျေးရွာ
ကျေးရွာအုပ်စု၊ ခင်ဦးမြို့နယ်
စစ်ကိုင်းတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ မြေနီသျှိုကျေးရွာ
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ခင်ဦးမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

ဇွန် လ၊ ၂၀၁၉

မာတိကာ

မာတိကာ

မြေနီသျှိကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ခင်ဦးမြို့နယ်

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

(ဈ) လူငယ်ဖွံ့ဖြိုးရေး


၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) – မြေနီသျှိကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား

နောက်ဆက်တွဲ (၂) – မြေနီသျှိကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

မြေနီသျှိကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ခင်ဦးမြို့နယ်



၁။ တည်နေရာနှင့် ပထဝီအနေအထား

မြေနီသျှိကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်၏ အရှေ့ဘက်(၇)မိုင်ခန့် အကွာတွင် တည်ရှိသော ကျေးရွာဖြစ်ပါသည်။ ရွှေဘို-မြစ်ကြီးနား-ဗျူဟာလမ်းမကြီး၏ အရှေ့ဘက် ခင်ဦး-သင်ပေါင်းကားလမ်းတွင် တည်ရှိသည်။ ကျေးရွာသည် ညီညာသော မြေပြန့်တွင် တည်ရှိသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ် မိုးရေချိန်လက်မ(၄၂)လက်မခန့် ရရှိပါသည်။ သဘာဝပေါက်ပင်များမှာ တမာ၊ မန်ကျည်း၊ ဇီး၊ ကုက္ကို၊ သရက်၊ ထနောင်း၊ ကန္တရပင်များစသော အပင်များပေါက်ရောက်သည်။ မိုးစပါး၊ စိုက်ပျိုးနိုင်သော လယ်(၃၉၃၈)ဧကရှိပြီး ပဲတီစိမ်း၊ မြေပဲ စသည်တို့ စိုက်ပျိုးနိုင်သော ယာ (၇၀၁)ဧကရှိသည်။ မိုးရေကိုသာ အားပြုစိုက်ပျိုးရသော မိုးကောင်း လယ်ယာဖြစ်သည်။ အခြားသဘာဝရင်းမြစ်များ အဖြစ် သဘာဝဆေးဖက်ဝင် အပင်များလည်း အနည်းငယ်ရရှိသည်။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

မြေနီသျှိကျေးရွာတွင် ကျေးရွာအခြေပြုအဖွဲ့အစည်းများအဖြစ် လူမှုရေး၊ ဘာသာရေး၊ အခြေပြုအဖွဲ့အစည်းများ စုစုပေါင်း (၇)ဖွဲ့ရှိကာ ဂေါပက၊ လူမှုကူညီရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ လမ်းကော်မတီ၊ အမျိုးသားအဖွဲ့၊ အမျိုးသမီးအဖွဲ့၊ စာသင်ကျောင်းကော်မတီ၊ ရပ်မိရပ်ဖအဖွဲ့တို့ ဖြစ်ပါသည်။

ကျေးရွာလူငယ် မီးသတ်အဖွဲ့သည် နွေရာသီ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ပါသည်။ အမျိုးသားအမျိုးသမီးအဖွဲ့တို့သည် ကျေးရွာတွင် သာရေးနာရေး၊ ကျေးရွာဖွံ့ဖြိုးရေးများတွင် အားတတ်သရော်ပါဝင်စုပေါင်းလုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် ရပ်မိရပ်ဖများဦးဆောင်မှုဖြင့် သာရေးနာရေး လူမှုရေးကိစ္စများအား ရွာသားများစည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်လေ့ ရှိကြပါသည်။ ခြံုငုံ၍သုံးသပ်ပါက သာရေးနာရေး ကိစ္စများဆောင်ရွက်ရန် ကျေးရွာဖွံ့ဖြိုးရေးကို စီမံကိန်းချ၍ ရေရှည်ဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းမရှိခဲ့သေးပါ။ သို့သော် ယခုအခါတွင် ကျေးရွာကော်မတီ ဖွံ့ဖြိုးရေးအဖွဲ့ဖွဲ့စည်းကာ ကျေးရွာဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များကို စီမံကိန်းရေးဆွဲ ထားရှိပြီး ဖြစ်ပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ဗုဒ္ဓဘာသာ ဗမာလူမျိုးများနေထိုင်သော မြေနီသျှိကျေးရွာတွင် အိမ်ထောင်စု (၁၈၀)အိမ်ရှိပြီး စုစုပေါင်းလူဦးရေမှာ ကျား(၃၇၈)ဦး၊ မ(၃၀၂)ဦး စုစုပေါင်း(၇၈၀)ဦးဖြစ်ရာ တစ်အိမ်ထောင်လျှင် (၅)ဦး အောက်ဖြစ်သဖြင့် တနိုင်ငံလုံး ပျမ်းမျှလူဦးရေနှင့်ယှဉ်လျှင် လူသားရင်းမြစ် နည်းနေသေးသည့် အခြေအနေဖြစ်ပါသည်။ သို့သော် အလုပ်လုပ်နိုင်သော အရွယ်တွင် လူဦးရေ(၆၀၈)ဦးရှိကာ လူလတ်ပိုင်းများသည်ဟု ဆိုနိုင်ပါသည်။

မြေနီသျှိကျေးရွာ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းဖြစ်သည်။ စပါး၊ ပဲတီစိမ်း၊ မြေပဲ၊ နှမ်းစသော ဆီထွက်သီးနှံများ၊ ကြံ၊ ကြက်သွန်၊ ပဲစင်းငုံ၊ သနပ်ခါး၊ ကွမ်းနှင့် ဟင်းသီးဟင်းရွက်အပင်များ စိုက်ပျိုးကြပါသည်။ အိမ်ထောင်စုပေါင်း (၁၈၀)စု အနက် လယ်ယာပိုင် ကိုယ်ပိုင်ပေါင်း(၁၂၈)စု ရှိပြီး မိသားစု လုပ်အား (၃၇၉)ယောက်ရှိသည်။ လယ်ယာပိုင်ဆိုင်မှု မရှိသော အိမ်ထောင်စု ဦးရေမှာ(၅၅)စုရှိသည့်အနက် အိမ်ထောင်စု(၃၄)အိမ်ထောင်စုမှာ ကျပန်းလုပ်ငန်း လုပ်ကိုင်ကြသည်။ အိမ်ထောင်စု(၁၀)စုမှာ စားသောက်ဆိုင်နှင့် ကုန်စုံဆိုင်များဖြစ်သည်။ စိုက်ပျိုးရေး၊ မွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများဖြစ်သည့် လက်လီလက်ကား အရောင်းအဝယ် ၊ လက်သမား၊ ပန်းရံ၊ စက်ချုပ်၊ ယက္ကန်း လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ လယ်ယာပိုင်ဆိုင်မှု မရှိသော ကျပန်းအိမ်ထောင်စုများသည် ရာသီပေါ်လုပ်ငန်းများကိုသာ မှီခိုလုပ်ကိုင်နေရပါသည်။ အကြမ်းအားဖြင့် ကောက်စိုက်၊ ပျိုးနှုတ်စသည့် လယ်ယာလုပ်ငန်းခွင်အတွက် လုပ်အားခမှာ အချိန်ပေါ်မူတည်၍ အမျိုးသားများအတွက် တစ်နေ့လျှင် အနိမ့်ဆုံး ၅၀၀၀ မှ အမြင့်ဆုံး ၈၀၀၀ ကျပ်အထိရရှိပြီး အမျိုးသမီးများမှာ တစ်နေ့လျှင် (၄၀၀၀)ကျပ်မှ (၇၀၀၀)ကျပ်အထိ လုပ်ငန်းခွင်ပေါ်မူတည်၍ ရရှိကြပါသည်။ အမျိုးသမီးများမှာ အခြားအသက်မွေးဝမ်း ကျောင်းဖြစ်သော ယက္ကန်းနှင့် စက်ချုပ်လုပ်ငန်းများကို စိုက်ပျိုးရေးလုပ်ငန်းနားချိန်တွင် လုပ်ကိုင်ခြင်းဖြင့် အမျိုးသမီးများအတွက် တဖက်တလမ်းမှ ဝင်ငွေရရှိစေပါသည်။

လယ်ယာစိုက်ပျိုးရေးအနေဖြင့် စပါးကို မိုးစပါးတစ်မျိုးတည်းကိုသာ စိုက်ပျိုးသည်။ စုစုပေါင်းလယ် စိုက်ကေ (၃၇၉)ကေ ရှိသည်။ စိုက်ပျိုးသည့် မျိုးမှာ ရွှေဘိုပေါ်ဆန်း(ဘေးကြား)ဖြစ်သဖြင့် စျေးအသင့်အတင့် ရှိသည်။ မိုးစပါးတကေ ပျမ်းမျှ (၃၅)တင်း ထွက်ရှိပြီး ဝါဆိုလနှင့် ဝါခေါင်လများတွင် စိုက်ပျိုးကြသည်။ မိုးရေကို အမှီပြုစိုက်ပျိုးရသောကြောင့် စိုက်ပျိုးချိန်မှန်ကန်မှုမရှိပေ။ မိုးခေါင်သောနှစ်များတွင် စိုက်ပျိုးနိုင်ခြင်းမရှိပေ။ လယ်ယာသုံး စက်ကိရိယာများကိုလည်း ကျေးရွာတွင်းနှင့် ကျေးရွာပြင်ပမှ ငှားရန် သုံးနိုင်သည့် အခြေအနေကောင်းများရှိသည်။

ယာသီးနှံများကို နယုန်လတွင် စတင်စိုက်ပျိုးကြသည်။ မြေပဲကို မိုးဦးဆောင်းနှစ်သီး စိုက်ပျိုးသည်။ လယ်ယာစိုက်ပျိုးရေးအနေဖြင့် အားနည်းချက်များမှာ မိရိုးဖလာ စိုက်ပျိုးနည်း စနစ်များကြောင့် ၎င်းဓာတ်မြေဩဇာ သုံးစွဲမှု အချိုးအစား မမှန်ကန်မှု ၊ ပိုးသတ်ဆေးများစနစ်တကျ အသုံးမပြုနိုင်ခြင်းကြောင့် သီးနှံအထွက်နှုန်းနှင့် အရည်အသွေးနည်းပါးနေသည်။ အကယ်၍ လက်ရှိ မျိုးထက် ပိုမိုကောင်းမွန်သော မျိုးကောင်းမျိုးသန့်များ အချိန်မှီ ရရှိနိုင်မှု၊ စိုက်ပျိုးရေးရရှိမှု၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းနည်းပညာ သင်တန်းများ၊ သီးနှံစွေးကွက်ဆိုင်ရာ အသိအမြင် ဟောပြောပွဲများ၊ စွေးကွက် အချိတ်အဆက် များ ရရှိလာပါက ကျေးရွာ၏ စိုက်ပျိုးရေး ကဏ္ဍ မှာ ပိုမို အကျိုးဖြစ်ထွန်းလာမည်။

လယ်ယာစိုက်ပျိုးရေးနှင့်အတူ လုပ်ငန်းခွင်သုံးရန်အလို့ငှာ နွားများကို မွေးမြူကြသည်။ လယ်ယာလုပ်ငန်းခွင်တွင် ခိုင်းနွားကိုသာ အသုံးပြုနေကြသေးသည်။ တစ်ပိုင်တစ်နိုင် ဝက်မွေးသော အိမ်ထောင်စုအနည်းငယ်သာရှိသည်။ ငါးလုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စု လုံးဝမရှိပါ။

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

မြေနီသျှိကျေးရွာသည် ရွှေဘို-မြစ်ကြီးနား ကားလမ်းမကြီးအရှေ့ဘက် အနည်းငယ်အကွာ ခင်ဦး-သင်ပေါင်းကားခင်ဦမြို့၏ အနောက်တောင်ဘက် (၇)မိုင်ခန့်အကွာတွင် ရှိပါသည်။ ကျေးရွာ အတွင်း ဓမ္မာရုံ(၁)ခု၊ ဘုန်းကြီးကျောင်း(၃)ကျောင်းရှိကာ ဘာသာရေး၊ ရပ်ရေးရွာရေး ကိစ္စများတွင် သင့်လျော်သလို အသုံးပြုကြပါသည်။ အလယ်တန်းကျောင်း(ခွဲ)တစ်ကျောင်းရှိကာ ကျန်းမာရေး စောင့်ရှောက်မှုအနေဖြင့် အုပ်စုဆေးပေးခန်းတစ်ခုရှိပါသည်။ သောက်သုံးရေရရှိမှုအနေဖြင့် ရေတွင်း (၂၅၈)တွင်းရှိသည့်အနက် ကျေးရွာအိမ်ထောင်စုများအတွက် လုံလောက်မှုရှိပါသည်။ ကိုယ်ပိုင်တွင်း မရှိသော အိမ်အချို့မှာ နီးစပ်ရာရေတွင်းများတွင် ပေါင်းစပ်အသုံးပြုကြပါသည်။ သောက်သုံးရေ အရည် အသွေးစနစ်တကျ စစ်ဆေး ထားခြင်းမျိုးမရှိပါ။

လျှပ်စစ်ဓါတ်အား လုံးဝမရရှိသေးပါ။ ဆိုလာနှင့် ဘက်ထရီ မီးလင်းရန် အသုံးပြုကြသည်။ ဒီဇယ်အင်ဂျင်သုံးမီးကို စားသောက်ဆိုင်များသာ အသုံးပြုနိုင်သည်။

ဆက်သွယ်ရေးအနေဖြင့် မိုဘိုင်းဖုန်းကို အများဆုံးအသုံးပြုပါသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်း အရေအတွက်မှာ (၂၆၄) လုံးရှိပါသည်။ အိမ်ထောင်စုတိုင်းလိုလို မိုဘိုင်းဖုန်းအသုံးပြုနိုင်သည်။ သတင်းအချက်အလက်များကို တီဗွီ၊ ဂြိုလ်တုစလောင်းများမှ ရရှိပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

မြေနီသျှိုကျေးရွာသည် ငွေကြေးဝန်ဆောင်မှုကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးစပါး စိုက်ပျိုးစရိတ်ချေးငွေကို လယ်တဧကလျှင် (၁၅၀၀၀၀)ကျပ် ယာတဧကလျှင် (၅၀၀၀၀)ကျပ် စုစုပေါင်း (၁၀)ဧကအထိ ချေးယူနိုင်ပါသည်။ ကျေးရွာတွင် ငွေကြေးဝန်ဆောင်မှုကို အခြားအဖွဲ့အစည်းများနှင့် ချိတ်ဆက်မှု မရရှိပါ။ ကျေးရွာရှိ မွေးမြူရေးအတွက် မွေးမြူရေးသမဝါယမက တစ်အိမ်ထောင်စုလျှင် (၁)သိန်းကျပ် ထုတ်ချေးပါသော်လည်း မွေးမြူရေးလုပ်ကိုင်သော အိမ်ထောင်စုအနည်းငယ်သာ ရရှိပါသည်။ တောင်သူလယ်သမားများသာမကဘဲ ယက္ကန်းရက်လုပ်သည့် အိမ်ထောင်စုများ ယက္ကန်းလုပ်ငန်းများ အဆင့်မြှင့်တင်ရန်နှင့် စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော ပြင်ပချေးငွေအဖွဲ့များ၊ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနမှပေးသော မြစိမ်းရောင်စိမံကိန်းမျိုးရရှိမည်ဆိုပါက ကျေးရွာ၏ တပိုင်တနိုင် လုပ်ငန်းများ ဖြစ်ထွန်းလာပြီးကျေးရွာ၏ ဝင်ငွေဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

(c) ပညာရေး

မြေနီသျှိုကျေးရွာတွင် အခြေခံပညာအလယ်တန်းကျောင်းကို ၁၉၈၃ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၂ခုနှစ်တွင် မူလတန်းလွန်ကျောင်း ၊ ၂၀၁၅ခုတွင် အလယ်တန်းခွဲကျောင်း၊ ၂၀၁၈ခုနှစ်တွင် အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးဖွင့်လှစ်ခဲ့ပါသည်။ ကျောင်းအကျယ်အဝန်းမှာ (၅)ဧကခန့်ရှိပြီး ကျောင်းဆောင်(၂)ဆောင်နှင့်ဝန်ထမ်းအိမ်ရာများရှိပါသည်။လက်ရှိပညာသင်ကြားနေသောကျောင်းသားဦးရေ ကျေးရွာမှ(၈၉)ယောက်နှင့် အခြားရွာနီးချင်း ကျေးရွာများမှ လာရောက် ပညာသင်ကြားနေပါသည်။ မြေနီသျှိုကျေးရွာတွင် စာမတတ်သူဦးရေ(၂)ဦးသာ ရှိသည့်အတွက် ကျေးရွာ၏ ပညာရေးအဆင့်အတန်းကောင်းမွန်သည်ဟုဆိုနိုင်ပါသည်။ ယခုအခါ ပညာတတ်ပေါင်းမြောက်များစွာ မွေးထုတ်ပေးသော ကျေးရွာတရွာဖြစ်ပြီး ကျန်းမာရေး၊ ပညာရေး၊ မွေးမြူရေး၊ စိုက်ပျိုးရေး၊ စက်မှုလက်မှုစသော ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် အခြားကဏ္ဍအသီးသီးတွင် တာဝန်ထမ်းဆောင်နေသော ဘွဲ့ရများစွာမွေးထုတ်ပေးနိုင်ခဲ့ပါသည်။

မြေနီသျှိုကျေးရွာတွင် ပညာသင်ကြားနေရသော စာသင်ဆောင်များမှအသစ်ပြန်လည်မွမ်းမံရန် လိုအပ်လျက်ရှိပြီးကျောင်းခြံစည်းရိုးမှာ မျက်နှာစာအုတ်တံတိုင်းကို ကျေးရွာကိုယ်ထူကိုယ်ထဖြင့် ပြုလုပ်ထားသော်လည်း အပြီးမသတ်နိုင်သေးပါ။ ထို့ကြောင့် လိုအပ်နေသော ကျောင်းခြံစည်းရိုးအတွက် ဦးစားပေးအနေနှင့်

ထည့်သွင်းရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ ကျေးလက်ဦးစီးဌာနသို့ တင်ပြအစီရင်ခံထားပါသည်။အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှု ကိစ္စရပ်များတွင် အမျိုးသမီးများ ပါဝင်မှု အခန်းကဏ္ဍအားနည်းလျက်ရှိကြောင်း တွေ့ရပါသည်။

လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ပေါင်းနှုတ်ခြင်း၊ ကောက်စိုက်ခြင်း၊ အမျိုးသားများသည် လယ်ထွန်ခြင်းစသည့်လုပ်ငန်းများ လုပ်ကိုင်ကြပြီး စိုက်ပျိုးရေးနားချိန် အားလပ်ချိန်များတွင် အမျိုးသမီးများမှာ ယက္ကန်းလုပ်ငန်းရက်လုပ်ခြင်း၊ အမျိုးသားများမှာ မြေပြင်၊ နွားချေးချခြင်းများ လုပ်ကိုင်ကြသည်။ ဘာသာရေး အထိမ်းအမှတ် ရိုးရာယဉ်ကျေးမှုပွဲတော်များတွင်လည်း အမျိုးသမီးများသည် အမျိုးသားများနှင့်အတူ ပူးပေါင်းဆောင်ရွက်မှုရှိကြကြောင်း လေ့လာတွေ့ရှိရပါသည်။

(စ) ကျန်းမာရေး

မြေနီသျှိကျေးရွာသည် လက်ပံကုန်းကျေးရွာ၏ တောင်ဘက်(၁)မိုင်ကျော် အကွာတွင် တည်ရှိပြီး လက်ပံကုန်းကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲ ကျန်းမာရေးဝန်ဆောင်မှုများ အသင့်အတင့် ရရှိသည်။ ကိုယ်ဝန်စောင့်ရှောက်မှု၊ ကလေးငယ်များအတွက် ကာကွယ်ဆေးထိုးပေးခြင်းများ ရှိကြပါသည်။ ကျေးရွာလူထုတွင် ရာသီပြောင်းတုပ်ကွေးဖျားနာခြင်းနှင့် သွေးတိုး၊ ဆီးချိုစသော ရောဂါများ အဓိကအဖြစ်များပါသည်။ ယင်းတို့ဖြစ်ပွားရခြင်းမှာ ကျေးရွာတွင်း သန့်ရှင်းမှု အားနည်းခြင်း၊ ကျန်းမာရေး အသိအမြင်နည်းပါးခြင်း၊ ကျန်းမာရေးနှင့် မကိုက်ညီသော အစားအသောက်များ စားသုံးခြင်းတို့ကြောင့်ဖြစ်သည်။ ရွှေဘိုမြို့နှင့် (၁၄)မိုင် ခင်ဦးမြို့နှင့် (၇)မိုင်ခန့် ကွာဝေးသောကြောင့် အရေးပေါ် ကျန်းမာရေးအခြေအနေအတွက် ခက်ခဲမှုရှိနိုင်သည်ဟု ဆိုနိုင်ပါသည်။အာဟာရအနေဖြင့် ဆိုးရွားသည့် အခြေအနေကြုံတွေ့ရသည့် အနေအထား မရှိဘဲ မိသားစုတိုင်းနီးပါး ထမင်းကို တစ်နေ့လျှင် (၃)ကြိမ် စားနိုင်သော မိသားစုများသာ များပါသည်။

(ဆ)ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

မြေနီသျှိကျေးရွာ၏ ပတ်ဝန်းကျင်အားလုံးတွင် လယ်ယာမြေများဖြစ်ပါသည်။ မြေဆီလွှာ အသင့်အတင့်ကောင်းမွန်သော်လည်း ဓါတ်မြေဩဇာများ ပိုမိုများပြားစွာ သုံးစွဲလာရခြင်း၊ တစ်နှစ်လျှင်

နှစ်သီးစား စိုက်ပျိုးလာခြင်းကြောင့် မြေဆီလွှာအခြေအနေ ပျက်စီးခြင်း၊ ပိုးသတ်ဆေးများ နည်းစနစ်မှန်မှန်သုံးစွဲမှု အားနည်းခြင်းတို့ကြောင့် မိတ်ဆွေးမိုးများသေကြေခြင်းများ ဖြစ်ပေါ်လာသည်ကို တွေ့ရသည်။ ကျေးရွာတွင် ရန်ဖန်ရန်ခါ မိုးအလွန်အမင်းရွာသွန်းပါက ကျေးရွာလမ်းများ ပျက်စီးခြင်း၊ စိုက်ပျိုးထားသော လယ်ယာအချို့ ပျက်စီးဆုံးရှုံးရပြီး၊ မိုးအလွန်အမင်းခေါင်ပါက လယ်ယာအချို့မှာ စိုက်ပျိုးထားခြင်းမရှိသည်ကို တွေ့ရတတ်သည်။

(၆) ကျား-မ ရေးရာ

ကျေးရွာရှိ အမျိုးသမီးများသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြသော်လည်း ရပ်ရွာအရေးပါသော ဆုံးဖြတ်ချက်များကို ဦးဆောင်ချမှတ်ရာတွင် ပါဝင်မှု အားနည်းလှသည်။ ကျေးရွာတွင် ရပ်ရေးရွာရေး ကိစ္စများ၊ ဒေသတွင်းအသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှု သင်တန်းများအနေဖြင့် ယက္ကန်းရက်လုပ်တတ်သူ အနည်းငယ်နှင့် ဆိုင်ကယ်ပြုပြင်တတ်သူ အနည်းငယ်သာရှိပြီး ကျန်အသက်မွေးဝမ်းကျောင်းပညာ နိမ့်ကျဆဲဖြစ်ပြီး ကျေးရွာလူငယ်များအတွက် အလုပ်အကိုင်ခွင့်လမ်းများ နည်းပါးသေးသည်။

(၇) လူငယ်ဖွံ့ဖြိုးရေး

လူငယ်များက လူမှုကူညီရေးအဖွဲ့ကို ၂၀၁၃ခုနှစ်မှ စတင်ဖွဲ့စည်း၍ ကျေးရွာအရေးကိစ္စများကို ဆောင်ရွက်ခဲ့ကြပြီး ယခုအချိန်ထိ ကောင်းမွန်စွာ ဆက်လက်လုပ်ဆောင်လျက်ရှိပါသည်။ ကျေးရွာရှိ လူငယ်အဖွဲ့သည် ရပ်မိရပ်ဖအုပ်ချုပ်ရေးပိုင်းနှင့် တွဲဖက်လုပ်ဆောင် အလေ့အထရှိကြသည်။ လူငယ်များသည် ရပ်ရွာ၏ ဘာသာရေးကိစ္စများကို စုပေါင်းလုပ်ဆောင်သည့် အလေ့အထကောင်းများ ရှိပါသည်။ စိုက်ပျိုးရေးကာလ ပြီးဆုံးပါက အလုပ်အကိုင်နည်းပါးခြင်းပြဿနာကြောင့် လူငယ်အများစု အလုပ်အကိုင်မရှိဘဲ ဖြစ်နေရပါသည်။ အားကစားကွင်း၊ အားကစားပစ္စည်းများ မရှိခြင်းကြောင့် အားကစားနှင့် ပတ်သက်၍ အားနည်းလှသည်။ ကျေးရွာတွင် လူငယ်များ စာပေလိုက်စားချိန်ထက် ဝင်ငွေရရှိရန် အလုပ်လုပ်ကိုင်နေကြရခြင်း၊ ရရှိလာသည့် အားလပ်ချိန်တွင်လည်း စာဖတ်ရန် ဗဟုသုတ စာပေများ မရှိခြင်းနှင့် အဆောက်အဦး နေရာအတည်တကျ မရှိခြင်း၊ အင်တာနက်သုံးစွဲမှုများခြင်းတို့ကြောင့် စာပေဗဟုသုတပိုင်းတွင် အားနည်းလာပါသည်။ ကျေးရွာတွင် ရွာပတ်ဝန်းကျင် သန့်ရှင်းရေးကို စုပေါင်းလုပ်ဆောင်မှုအားနည်းချက်ရှိပါသည်။ အိမ်ထောင်စု(၁၈၀)တွင် ယင်လုံအိမ်သာ(၁၃၅)ရှိပြီး ကျန်

အိမ်ထောင်စုများမှာ စုပေါင်းအသုံးပြုသူများတွဲ၍ အသုံးပြုသူများဖြစ်ပါသည်။ သန့်ရှင်းမှုနှင့် ဆက်စပ်သော ပြင်းထန်သည့် ကူးစက်ရောဂါဖြစ်ပွားမှုမျိုး မကြုံတွေ့ရဖူးပါ။

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေးအဆင့်
၁	ပညာရေး	စာသင်ကျောင်းခြံစည်းရိုးကာရံခြင်း(၁၄၁၅')	၁
၂	ကျေးလက်လမ်းတံတား	ရွာတွင်းလမ်း ကျောက်ချောခင်းခြင်း	၂
၃	လူငယ်ဖွံ့ဖြိုးရေး	ကျေးရွာစာကြည့်တိုက်တည်ဆောက်ခြင်း	၃
၄	မီးလင်းရေး	ကျေးလက်မီးလင်းရေး - မဟာဓါတ်အားလိုင်း	၄

နောက်ဆက်တွဲ (၁)

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

ပြဿနာ/ အခက်အခဲ		ဖြစ်ရသည့်အကြောင်းရင်း	အခြေအနေကောင်း	ဟန့်တား	ဖြေရှင်းနိုင်သည့်နည်းလမ်းများ	အဆိုပြုစီမံချက်လုပ်ငန်းများ
၁	ပညာရေး					
	စာသင်ကျောင်းခြံစည်းရိုးကာရံခြင်း	လက်ရှိခြံစည်းရိုးမှာသံပန်းတံခါးနှင့်မုဒိဦးရှိပြီး	လုပ်အားပေးနိုင်ခြင်း	ငွေကြေးမလုံလောက်ခြင်း	အထက်ဌာနများနှင့် ချိတ်ဆက်၍ရန်ပုံငွေများ တင်ပြတောင်းခံခြင်း	စာသင်ကျောင်း ခြံစည်းရိုးကာရံခြင်း(၁၄၁၅')
၂	ကျေးရွာမီးလင်းရေး					
	လျှပ်စစ်မီးမသုံးစွဲနိုင်ခြင်း	လက်ရှိမှာ(၁၃၇)၊ဒီဇယ်ဆီ(၁၆)နှင့်အသုံးမပြုနိုင်(၂၇)ဦးရှိခြင်း၊မဟာဓာတ်အားလိုင်းနှင့်မဝေးသော်လည်းငွေကြေးချို့တဲ့ခြင်း	လုပ်အားပေးနိုင်ခြင်း	ငွေကြေး ချို့တဲ့ခြင်း	သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း	ကျေးလက်မီးလင်းရေး – မဟာဓါတ်အားလိုင်း
၃	ကျေးလက်လမ်း၊ တံတား					
	ရွာတွင်းလမ်းမကောင်းခြင်း	မြေသားလမ်းဖြစ်နေခြင်း	လုပ်အားပေးနိုင်ခြင်း	ငွေကြေးမလုံလောက်ခြင်း	သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း	ရွာတွင်းကျောက်ခင်းခြင်းလုပ်ငန်း
၄	လူငယ်ဖွံ့ဖြိုးရေး					
	စာကြည့်တိုက်မရှိခြင်း	စာကြည့်တိုက်ဆောက်ရန် ငွေကြေးချို့တဲ့ခြင်း	မြေနေရာရှိခြင်း၊လုပ်အားပေးနိုင်ခြင်း	ငွေကြေးချို့တဲ့ခြင်း	အထက်ဌာနများသို့တင်ပြတောင်း ခံခြင်း	ကျေးရွာစာကြည့်တိုက်တည်ဆောက်ခြင်း

မြေနီသျှိ – ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၅	၄	၉
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၁၀	၁၇	၂၇
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၁၆	၁၉	၃၅
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၂၇	၂၀	၄၇
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၃၀၀	၃၀၈	၆၀၈
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၂၀	၃၄	၅၄
စုစုပေါင်း		၃၇၈	၄၀၂	၇၈၀
စုစုပေါင်း အိမ်ထောင်စု		၁၈၀		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ အိမ်ထောင်စု (၁၈၀)ရှိပြီး စုစုပေါင်း လူဦးရေ(၇၈၀)ဦးဖြစ်ရာ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ(၄)ဦးခန့်ရှိသည်။တစ်အိမ်ထောင်(၅)ဦးအောက် ဖြစ်သဖြင့် တစ်နိုင်ငံလုံး ပျမ်းမျှ လူဦးရေနှင့် ယှဉ်လျှင် လူသားရင်းမြစ်နည်းသည်။ အလုပ်လုပ်ကိုင်နိုင်သော အရွယ်တွင် လူဦးရေ(၆၀၈)ဦးရှိရာ လူလတ်ပိုင်းများသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ–၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	လယ်ယာစိုက်ပျိုးရေး				
	ကိုယ်ပိုင် လုပ်ငန်း	၁၂၈	၃၇၉		မြင့် □ လတ်✓ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၃၄၀	၆၅		မြင့် ☐ လတ် ✔ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၂	တိရိစ္ဆာန် မွေးမြူရေး				
	ကိုယ်ပိုင် လုပ်ငန်း	၁	၂		မြင့် ☐ လတ်☐ နိမ့် ✔
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၆	ထုတ်ကုန်လုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၂		မြင့် ☐ လတ်☐ နိမ့် ✔
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး				
	ကိုယ်ပိုင် လုပ်ငန်း	၂	၅	၂	မြင့် ☐ လတ် ✔ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	၅	မြင့် ☐ လတ် ✔ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၁	လက်လီ– လက်ကား ရောင်းဝယ်ရေး				
	ကိုယ်ပိုင် လုပ်ငန်း	၁၂	၄၀	၁၂	မြင့် ☐ လတ် ✔ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၁	မြင့် ☐ လတ် နိမ့် ✔
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း			၁	မြင့် ☐ လတ် ✔ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး				
	ကိုယ်ပိုင် လုပ်ငန်း			၁	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၁	မြင့် ☐ လတ်☐ နိမ့် ☐
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၁	မြင့် ☐ လတ်☐ နိမ့် ✔
၁၇	ပညာရေး				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၉	မြင့် ☐ လတ်☐ နိမ့် ✔
၁၈	ကျန်းမာရေး				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၃	မြင့် ☐ လတ်☐ နိမ့် ✔
၁၉	လူမှုရေး လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၂၀	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား			၃	
၂၁	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။“အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ” အရေအတွက်တွင် “မိသားစုဝင်လုပ်အား” ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ “ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)” ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကိုဆိုလိုပါသည်။ ဥပမာ –“စိုက်ပျိုးရေး”ကဏ္ဍ

၏ “ကိုယ်ပိုင်လုပ်ငန်း”တွင် ရပ်တည်နိုင်မှု “မြင့်” ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးကိုသာ အဓိကလုပ်ကိုင်သဖြင့် ဝင်ငွေရရှိမှု နည်းပါးသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးကို တွဲဖက်လုပ်ကိုင်သဖြင့် လုပ်သားရရှိမှုနည်း။ အခြားလုပ်ငန်းဖြင့်လည်း တစ်ဖက် တစ်လန်း ဝင်ငွေရှိအောင် ကြိုးစားလုပ်ကိုင်မှုရှိသည်။ ရာသီဥတုနှင့် သီးနှံပျက်စီးမှုပေါ်မူတည်၍ ဝင်ငွေ ရရှိသည်။

(ခ–၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန္ဓနိုင်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန္ဓနိုင်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၈၀၀၀	၇၀၀၀	၅၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၇၀၀၀		၅၀၀၀	
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၈၀၀၀	–	၅၀၀၀	–
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၈၀၀၀		၅၀၀၀	
၈	လက်လီ–လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	၈၀၀၀	၇၀၀၀	၅၀၀၀	၄၀၀၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ မိုးရေကို အမှီပြုသော စိုက်ပျိုးရေးလုပ်ငန်းတွင် လုပ်ကိုင်ရ၍ တရက် လုပ်ခန္ဓနိုင်း နည်းပါးသည်။ ရာသီအလိုက် လုပ်ခန္ဓနိုင်းလည်း ကွာခြားတတ်သည်။ စိုက်ပျိုးသီးနှံ အစုံ စိုက်ပျိုးကြသဖြင့်

လုပ်ငန်းခွင် နားရက်နည်းပါးသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်)		
လယ်မြေ	၃၉၃	ကောင်း ☐	သင့် ✔	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၇၀၁	ကောင်း ☐	သင့်☐	ညံ့ ✔
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၁၀၉၄	သင့် ✔		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊

(၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ မိုးကောင်း လယ်နှင့်ယာ နှစ်မျိုးစလုံးရှိသော်လည်း ယာမြေကိုသာ အားပြု လုပ်ကိုင်ကြသည်။ မြေဆီလွှာအရည်အသွေးမှာ လယ်မြေများ၌ အသင့်အတင့်ရှိသော်လည်း ယာမြေများ၌ ညံ့သည်။ မြေဆီ၊ မြေဩဇာ ထည့်၍ လုပ်ကိုင်ရသည်။ မွေးမြူရေး တနိုင်တပိုင် လုပ်ကိုင်ကြသည်။ တနိုင်တပိုင် လုပ်ကိုင်သဖြင့် စီးပွားဖြစ်ထွန်းမှုနည်းသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ □ သင့်□ နည်း □ မရှိ ☑	လွယ် □ ခက်□ အသုံးမပြုနိုင်ပါ □
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ □ သင့်□ နည်း ☑ မရှိ □	လွယ် □ ခက်☑ အသုံးမပြုနိုင်ပါ □
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ □ သင့်☑ နည်း □ မရှိ □	လွယ် □ ခက်☑အသုံးမပြုနိုင်ပါ □
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ □ သင့်□ နည်း □ မရှိ ☑	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု		ရှိ	ရှိ	မရှိ
အိမ်အခြေအနေ		သင့်	ညံ့	ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု		ရှိ	မရှိ	မရှိ
အဓိကစီးပွားရေး လုပ်ငန်း		ရောင်းဝယ်/ စိုက်ပျိုးရေး	စိုက်ပျိုးရေး	ကျပန်း/ လက်လုပ်လက်စား
အိမ်ထောင်စု		၂၉	၉၁	၆၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ချမ်းသာသော အိမ်ထောင်စုမရှိသော်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကို တနိုင်တပိုင် လုပ်ကိုင်သူများ ဈေးအရောင်းအဝယ်ပြုသူများ အစိုးရဝန်ထမ်းရှိ အိမ်ထောင်စုများ ဝင်ငွေမှန်သော

အလုပ်သမားများ အဆင်ပြေကြသည်။ ကျပန်းလုပ်သားနှင့် စိုက်ပျိုးမြေနည်းသော တောင်သူများ မပြေလည်သော အိမ်ထောင်စုဝင်များ ဖြစ်သည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၆၀	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၉၁	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၂၉	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်.. ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ကျေးရွာ၏ အိမ်ခြေ(၆၀)ခန့်သည် လက်လုပ် လက်စား/တောင်သူငယ်များနှင့် ဆင်းရဲသားတောင်သူများ ဖြစ်သည်။ ဝမ်းစာဖူလုံမှုနည်းသည်။ အကြောင်းတခုခုကြောင့် အဆင်မပြေက ချေးယူ၊ လုပ်အားခ ကြိုယူစားသောက်ရသည်။ (၉၁) အိမ်ထောင်စုမှာ အတန်အသင့် အဆင်ပြေသော်လည်း အရင်းအနှီး(သို့မဟုတ်) အကြောင်းတစ်စုံတစ်ရာအတွက် အချေးအငှားမကင်းပေ။ ၂၉ အိမ်ထောင်ခန့်သာ အဆင်ပြေကြသည်။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	၂	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	-		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မိသားစုစောင့်ရှောက်မှု မရှိသော သက်ကြီးရွယ်အို ၂ ဦးရှိသည်။ ပတ်ဝန်းကျင်နှင့် ညာတကာမှ စောင့်ရှောက်ရသည်။

(c-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ ဓိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့် ✔	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ✔	နိမ့်☐	မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့် ✔	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့် ✔	မရှိ ☐
၁၂	၄က်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့် ✔	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ✔	နိမ့် ☐	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ✔

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့် ✔	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည်	မြင့် ☐	လတ်☐	နိမ့် ☐	မရှိ ✔

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မိုးခေါင်ခြင်းကြောင့် စိုက်ပျိုးရေရရှိမှု မမှန်ကန်ပေ၊ ရာသီဥတုကို မှီခိုစိုက်ပျိုးရသည်။ စက်တပ်၊ အဝီစိတွင်းများ တူး၍လည်း တနိုင်တပိုင် စိုက်ပျိုးနိုင်ကြသည်။ နွားများမွေးမြူကြသော်လည်း ကူးစက်ရောဂါ ကျရောက်မှုနည်းပါးပါသည်။

(c-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐	လတ် ☐	နိမ့် ✔	မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁၅	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၁၆	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၁၇	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၁၈	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဝင်ငွေရရှိမှုနည်းပါးသော ဒေသဖြစ်၍ အလုပ်အကိုင်ရှားပါးချိန်တွင် ကျပန်းလုပ်သားများနှင့် လက်လုပ်လက်စား များ ဆင်းရဲသားတောင်သူများမှာ ကျပ်တည်းစာ စားသောက်ကြရသည်။ ရာသီဥတု မမှန်ပါက တောင်သူများမှာလည်း ဆုံးရှုံးမှုများသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ဂေါပက	၁☐ ၂☐ ၃ ✔	၇		၇	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ✔ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၂	မီးလင်းရေး	၁☐ ၂ ✔ ၃☐	၇		၇	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☒ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ✔	ကောင်း ☐ သင့် ✔ ညံ့ ☐
၃	စာသင်ကျောင်း ကော်မတီ	၁☐ ၂ ✔ ၃☐	၁၀		၁၀	ပညာရေး ☐ ငွေကြေး ✔ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ✔ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၄	ရပ်မိရပ်ဖ	၁☐ ၂ ✔ ၃☐	၃		၃	ပညာရေး ☐ ငွေကြေး ✔ ကျန်းမာရေး ☐ ဘာသာရေး ✔ စိုက်ပျိုးမွေးမြူရေး ✔ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ✔ ညံ့ ☐
၅	အရံမီးသတ်	၁☐ ၂ ✔ ၃☐	၂၀		၂၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ✔	ကောင်း ☐ သင့် ✔ ညံ့ ☐
၆	လမ်းကော်မတီ	၁☐ ၂ ✔ ၃☐	၇		၇	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ✔ ညံ့ ☐
၇	အုပ်ချုပ်ရေးအဖွဲ့	၁☐ ၂ ✔ ၃☐	၁၉		၁၉	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ✔ စိုက်ပျိုးမွေးမြူရေး ✔ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ✔ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့. စသည့်။

(၂) လူမှုရေးအဖွဲ့. – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ အုပ်ချုပ်ရေးအဖွဲ့၊ စာသင်ကျောင်းကော်မတီ၊ လမ်းကော်မတီ၊ အရံမီးသတ်အဖွဲ့၊ လူငယ်အဖွဲ့.များသည် ရပ်မိရပ်ဖ ဦးဆောင်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အားတက်သရော လုပ်ဆောင်ကြသည်။ ဖွံ့ဖြိုးရေးအတွက် စီမံကိန်းချ၍ ရေရှည်ဆောင်ရွက်နိုင်သော အဖွဲ့.အစည်းလိုအပ်သဖြင့် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဖွဲ့.စည်းကာ ကျေးရွာအတွက် လိုအပ်သည်များကို စီမံကိန်းရေးဆွဲထားရှိပြီး

ဖြစ်ပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	**Pact Myanmar**	၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၂	အလိုင်းရင်းဌေချေ	၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၃		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၄		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၅		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၆		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ - ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် <u>ထည့်သွင်းဖော်ပြခြင်း မပြုပါရန်</u>။

လေ့လာတွေ့ရှိချက်။ ။ Pact Myanmar မှ ငွေစုငွေချေးလုပ်ငန်းများ ဆောင်ရွက်နေပါသည်။ အပတ်စဉ် ငွေထည့်ဝင်ရပါသည်။ အလိုင်းရင်းမှ (၁)ဦးလျှင် (၃၀၀၀၀၀)ကျပ်ရရှိပြီး အတိုး(၁)ပတ်(၁)ခါ(၇၀၀၀)ပေးသွင်းရပါသည်။ အတိုး/အရင်းအား (၆)လပြတ် ပေးဆပ်ရသည်။ Pact Myanmar မှ (၁)ဦးလျှင် (၁၀၀၀၀၀)ရရှိပြီး အတိုးမှ (၉၀၀၀)ကျပ်ပေးသွင်းရသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ–၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၅၀	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၁၉	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၁၈	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၆၇	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၂၆	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၁၈၀	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ မြေမဲ့ယာမဲ့ (၅၀)ဦး ရှိသည့်အနက် အချို့မှာ စားသောက်ဆိုင်နှင့် ကုန်စုံဆိုင်၊ အရောင်းအဝယ်ပြုသူများဖြစ်သည်။ ဆင်းရဲသားတောင်သူ(၁၉)ဦး၊ တောင်သူငယ်(၁၈)ဦး၊ တောင်သူလတ်(၆၇)ဦး၊ တောင်သူကြီး(၂၆)ဦး စုစုပေါင်း(၁၈၀)ဦးရှိသည်။ ပဲအမျိုးမျိုးအဓိက စိုက်ပျိုးကြသည်။ ကြက်သွန်နီ၊ ကွမ်း၊ ဆန်စပါးကို မိုးကောင်းသောနှစ်၌ မိုးစပါးတစ်မျိုးတည်းသာ စိုက်ပျိုးနိုင်သည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်☒ မဖြေဆိုပါ□	ရှိ☒ မရှိ□ မဖြေဆိုပါ □
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်☒ မဖြေဆိုပါ□	ရှိ☒ မရှိ□ မဖြေဆိုပါ □
၆	လက်င်ရေတွင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ရေသွင်းဧရိယာ လုံးဝမပေးသဖြင့် မိုးရေကို အမှီပြု စိုက်ပျိုးရသည်။ သောက်သုံးရေကို လက်င်ရေတွင်း၊ အဝီစိတုံကင်တွင်းများမှ ရရှိသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစု ပေါင်း စိုက် ကေ	တစ်ဧက အထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်း ဆုံး	အများ ဆုံး	ပျှမ်း မျှ	မှ	ထိ		
မြေပဲ	၁၈၀	တင်း		၃၀	၁၅	ဇွန်	စက်	မြင့်□ လတ်✔ နိမ့်□	မြင့်□ လတ်✔ နိမ့်□
ပဲစင်းငုံ	၁၈၀	တင်း	၂	၁၅	၈	ဇွန်	ဇန်	မြင့်□ လတ်✔ နိမ့်□	မြင့်□ လတ်✔ နိမ့်□
ကြံ	၁၈၀	တန်	၅	၁၀	၈	ဇန်	ဇွန်	မြင့်□ လတ်✔ နိမ့်□	မြင့်□ လတ်✔ နိမ့်□
စပါး	၁၈၀	တင်း	၁၅	၅၅	၃၅			မြင့်□ လတ်✔ နိမ့်□	မြင့်□ လတ်✔ နိမ့်□
								မြင့်□ လတ်✔ နိမ့်□	မြင့်□ လတ်✔ နိမ့်□
								မြင့်□ လတ်✔ နိမ့်□	မြင့်□ လတ်✔ နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မိုးရေကို အားပြုစိုက်ပျိုးရသဖြင့် သီးနှံထွက်နှုန်း မှန်ကန်မှုမရှိပေ။ တစ်ဧက ပျမ်းမျှထွက်နှုန်းမှာ မြေပဲ (၁၅)တင်း၊ ပဲစင်းငုံ(၈)တင်း၊ ကြံ(၈)တန် ခန့်ထွက်ရှိသည်။ မြေဆီလွှာ ညှံခြင်း၊ စိုက်ပျိုးရေး မမှန်ခြင်း၊ နည်းပညာနည်းခြင်း၊ မျိုးစေ့မမှန်ခြင်း၊ တို့ကြောင့် ထွက်နှုန်းနည်းသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
ထွန်စက်				
လက်တွန်းထွန်စက်	၁၀			၃
အစေ့ချ ကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်				
ရိတ်သိမ်းစက်				
ခြွေလှေ့စက်	၁			
ရေစုပ်စက်	၉၆			
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်				

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။
လေ့လာတွေ့ရှိချက်။ ။ ခိုင်းနွှားကို အဓိကထားလုပ်ကိုင်ကြသည်။ စက်မှုလယ်ယာထွန်းကားမှု မရှိသေးပါ။ လက်တွန်းထွန်စက်(၁၀)ဦးသာရှိသည်။ အဝီစိ စက်တပ် ရေစုပ်စက်(၉ဖြ)လုံး ရှိသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ✔ မဖြေဆိုပါ☐
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ✔ မဖြေဆိုပါ☐
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ ☐ အသင့်အတင့်ရှိ✔ မဖြေဆိုပါ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် ☐ ရသည် ✔ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ✔ မဖြေဆိုပါ ☐
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ✔ မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ✔ မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်✔ မဖြေဆိုပါ ☐
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်✔ မဖြေဆိုပါ ☐
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ သီးနှံများကို ရောင်းချနိုင်သည် ✔ မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။
လေ့လာတွေ့ရှိချက်။ ။ သဘာဝရေမြေရာသီဥတု အနေအထား သင့်တင့်မျှတသော ရှိ၍ လယ်မြေအသုံးချမှုနည်းသည်။ မြန်မာ့စိုက်ပျိုးရေးဘဏ်နှင့် သမဝါယမဘဏ်မှ ချေးငွေရသည်။ မြေဩဇာ နှင့် ဓာတုပိုးသတ်ဆေးဝယ်ယူရနိုင်သည်။ လုပ်သားရရှိမှုနည်းသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်✔ မဖြေဆိုပါ☐
လယ်ယာမြေ အသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ✔ လယ်ယာမြေဆုံးရှုံးမှုများသည် ☐ လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☐ ပလပ်မြေများရှိသည် ☐ ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ ☐
စိုက်ပျိုးရေ အရင်းအမြစ်	အလွယ်တကူမရနိုင် ✔ လုံးဝမရ ☐ မဖြေဆိုပါ ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင် ✔ လုံးဝမရ ☐ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	အလွယ်တကူမရနိုင် ✔ လုံးဝမရ ☐ မဖြေဆိုပါ ☐
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	အလွယ်တကူမရနိုင် ✔ လုံးဝမရ ☐ မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	အလွယ်တကူမရနိုင် ✔ လုံးဝမရ ☐ မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် ✔ လုံးဝမရ ☐ မဖြေဆိုပါ ☐
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် ✔ လုံးဝမရ ☐ မဖြေဆိုပါ ☐

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။)
